MOB
MYANMAR ORIENTAL BANK

မြန်မာအရှေ့တိုင်းဘဏ်၏ လေးစားတန်ဖိုးထားရပါသောမိတ်ဟောင်းမိတ်သစ်မိဘပြည်သူများအားလုံးမင်္ဂလာပါ။

ပြည်ထောင်စုမြန်မာနိုင်ငံအပါအဝင်ကမ္ဘာနိုင်ငံအနှံ့အပြားရင်ဆိုင်ကြုံတွေ့နေရသောNovel Coronavirus (COVID-19) ကူးစက်မြန်ရောဂါကာကွယ်ရေးအတွက် မြန်မာအရှေ့တိုင်းဘဏ်အနေဖြင့် လက်ရှိအချိန်တွင် မိမိတို့၏ ရုံးချုပ်နှင့် ဘဏ်ခွဲများကို ပုံမှန် ရုံးချိန်များအတိုင်း ဆက်လက်ဖွင့်လှစ် ပေးထားမည်ဖြစ်သော်လည်း လူကြီးမင်း တို့ ဘဏ်ခွဲများသို့ လာရောက်ရာတွင် လူကြီးမင်း တို့၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းစေရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော လမ်းညွှန်ချက်များနှင့်အညီ ကြိုတင်ကာကွယ်ရေး လုပ်ငန်းစဉ်များကို လုပ်ဆောင်လျှက်ရှိကြောင်း အသိပေးအပ်ပါသည်။

မိမိတို့ မြန်မာအရှေ့တိုင်းဘဏ်၏ "ကျန်းမာရေးနှင့် သန့်ရှင်းရေး" ဆိုင်ရာ ကြိုတင်ကာကွယ်ရေး အစီအစဉ်အရ -

၁ ။ မိမိတို့၏ဘဏ်ဝန်ထမ်းများအား ဦးစားပေးစနစ်နှင့် surgical masks များနှင့် latex gloves များကိုအလှည့်ကျ ဖြန့်ဝေပေးထားပြီး customer များနှင့် ထိတွေ့ဆက်ဆံနေရသော ဝန်ထမ်းများ နှင့် ငွေသားကိုင်တွယ်ရသော ဝန်ထမ်းများကိုလည်း စနစ်တကျ အသုံးပြုစေ၍ ဝန်ဆောင်မှုပေး လျက်ရှိပါသည်။

၂ ။ Digital infrared forehead thermometer gun များကို အသုံးပြု၍ လုံခြုံရေး ဝန်ထမ်းများမှ မြန်မာအရှေ့တိုင်းဘဏ်အဆောက်အအုံအတွင်းသို့ဝင်ရောက်မည့် ဝန်ထမ်းများနှင့် customer များ၏ ကိုယ်အပူချိန်ကို တိုင်းတာပေးလျက်ရှိပါသည်။

၃။ ဘဏ်၏ငွေသွင်း၊ငွေထုတ် နှင့် ဝန်ဆောင်မှုပေးရာတွင် သတ်မှတ်ထားသော social distancing rules အရ တစ်ဦးနှင့် တစ်ဦး (၃)ပေ အကွာအဝေးရှိ နေရာများသတ်မှတ်၍ တန်းစီစနစ်ဖြင့် ဝန်ဆောင်မှုပေးလျှက်ရှိပါသည်။

၄။ မြန်မာအရှေ့တိုင်းဘဏ် ရုံးချုပ်နှင့်ဘဏ်ခွဲများ၏တည်နေရာတိုင်းတွင် customer များနှင့် ဝန်ထမ်းများအတွက်လက်ဆေးဘေစင် နှင့် လက်သန့်စင်ဆေးရည်များ တပ်ဆင်ထားရှိပေးထားပါသည်။

၅။ မြန်မာအရှေ့တိုင်းဘဏ် ၏  ATM များ၊ ရုံးချုပ်နှင့်ဘဏ်ခွဲများ၏တည်နေရာတိုင်းရှိစားပွဲ၊ကုလားထိုင်၊ကောင်တာများ၊ဘီရိုများ၊ငွေထည့်သွင်းသောအိတ်များ နှင့်စသော အခြားအသုံးအဆောင်ပစ္စည်းများ ပိုးသတ်ခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများကို နေ့စဉ်လုပ်ဆောင်ပေးလျက်ရှိပါသည်။

၆။ မိမိတို့၏ ဝန်ထမ်းများကို ခရီးသွားလာမှုဆိုင်ရာ ကန့်သတ်ချက်များနှင့် အကြံပြုချက်များ ထုတ်ပြန်ထားသည့်အပြင် ပြည်တွင်းနှင့် နိုင်ငံတကာ ခရီးသွားလာခြင်းများကို ကြိုတင်အကြောင်းကြားပေးရန် အသိပေးထားပါသည်။

၇။ ဝန်ထမ်းများ၏ ကျန်းမာရေး အခြေအနေကိုလည်း မိမိတို့၏ ဌာနတွင်း HOD များထံသို့ နေ့စဉ် သတင်းပို့ တင်ပြလျက်ရှိပါသည်။

၈။ ဝန်ထမ်းများအားလုံးကို လိုအပ်ပါက မိမိကိုယ်ကို self-quarantine ပြုလုပ်ရန် လမ်းညွှန်ထားပါသည်။

၉။ ဝန်ထမ်းများအားလုံးကို လူတစ်ဦးနှင့် တစ်ဦး သင့်တင့်လျောက်ပတ်သော အကွာအဝေးမှ နေထိုင်ခြင်းကို ကျင့်သုံးရန် လမ်းညွှန်ထားပါသည်။

MOB

MYANMAR ORIENTAL BANK

Novel Coronavirus (COVID-19) ကူးစက်မြန်ရောဂါ မှကင်းဝေးစေရန် "လူတိုင်းလူတိုင်း မိမိကစ ကာကွယ်ရန်လိုအပ်" သည့်အတွက် သက်ဆိုင်ရာဌာနများမှထုတ်ပြန်ထားသော ညွှန်ကြားချက်များအား မိမိတို့ မြန်မာအရှေ့တိုင်းဘဏ်နှင့်အတူ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးပါရန် နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသော မိတ်ဟောင်း မိတ်သစ် Customer တစ်ဦးချင်းစီတိုင်းကို မြန်မာအရှေ့တိုင်းဘဏ်လီမိတက် မှ ကျေးဇူးအထူးတင်ရှိပါသည်။

အချက်အလက်များ ပိုမို သိရှိနိုင်ရန်

ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန website : https://www.mohs.gov.mm/

မြန်မာအရှေ့တိုင်းဘဏ် website : https://www.mobmyanmar.com/

မြန်မာအရှေ့တိုင်းဘဏ် facebook page : https://www.facebook.com/mobbankmyanmar/

အသေးစိတ်ထပ်မံသိရှိလိုပါကမြန်မာအရှေ့တိုင်းဘဏ်ရုံးချုပ် ဖုန်း - ၂၄၆၅၄၉၄၊၂၄၆၅၄၉၅၊၂၄၆၅၄၉၆ သို့ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။